


VOLUME I, ISSUE 22 16 February 2022

| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ကျိုင်းတုံမြို့ကျက်သရေဆောင် မဟာမြတ်မုနိဘုရားကြီး နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ရတနာစိန်ဖူးတော်၊ ရွှေထီးတော်တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကျင်းပ | ၁ |
| ၂ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကျိုင်းတုံမြို့ရှိ သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီး တည်ဆောက်နေမှု အခြေအနေများအား သွားရောက်ကြည့်ရှု | ၄ |
| ၃ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကျိုင်းတုံမြို့ရှိ မဟာမြတ်မုနိဘုရားကြီးနှင့် လွိုင်မွေတောင်စခန်းမြို့ရှိ စတုရဋ္ဌသုမင်္ဂလစေတီတော်အား ဖူးမြော်ကြည်ညို၍ လွိုင်မွေဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများအား ကြည့်ရှုစစ်ဆေး | ၆ |
| ၄ | အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးနှင့်ပတ်သက်သည့် နိုင်ငံခြားရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက် | ၈ |
| ၅ | ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ ဂုဏ်ပြုယာဉ်များ ခင်းကျင်းပြသထားမှု အောင်မြင်စွာကျင်းပပြီးစီး၊ ပြည်သူများစိတ်ပါဝင်စားစွာ တစ်ခဲနက်လာရောက်လေ့လာကြည့်ရှု | ၉ |

| ★ | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၆ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အခြေခံမဲဆန္ဒရှင်စာရင်းများ မှန်ကန်ရေးအတွက် မြေပြင်လူဦးရေစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးခြင်း ရွှေ့ပြေးလုပ်ငန်းစီမံချက် ဖွင့်ပွဲအခမ်းအနားကျင်းပ | ၁၄ |
| ၇ | ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဆက်လက်ဆောင်ရွက်လျက်ရှိ | ၁၅ |
| ၈ | အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အကြမ်းဖက်လုပ်ရပ်များ အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဆက်လက်ဖော်ထုတ်အရေးယူ | ၁၇ |
| ၉ | PDF အကြမ်းဖက်သမားများက ပညာရေးကဏ္ဍအပေါ် အကြမ်းဖက်တိုက်ခိုက်ခြင်း | ၁၇ |

# Information Sheet

## ကျိုင်းတုံမြို့ ကျက်သရေဆောင် မဟာမြတ်မုနိဘုရားကြီး နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ရတနာစိန်ဖူးတော်၊ရွှေထီးတော်တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်မဟာမင်္ဂလာ အခမ်းအနားကျင်းပ



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ရတနာစိန်ဖူးတော်အား ကျိုင်းတုံမြို့၊ ကျိုင်းယင်းကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော်အား ဆက်ကပ်လှူဒါန်းနေမှု**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့ကျက်သရေဆောင် မဟာမြတ်မုနိဘုရားကြီး နှစ်(၁၀၀) ပြည့်အထိမ်းအမှတ် ရတနာစိန်ဖူးတော်၊ ရွှေထီးတော်တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်မဟာမင်္ဂလာအခမ်းအနားကို သာသနာတော်နှစ် ၂၅၆၅ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၈၃ ခုနှစ်၊ တပို့တွဲလပြည့်နေ့ ဖေဖော်ဝါရီလ ၁၅ ရက်တွင် ကျင်းပပြုလုပ်ရာ ကျိုင်းတုံမြို့၊ ကျိုင်းယင်းကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော်အမှူးပြုသည့် ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များ ကြွရောက်ချီးမြှင့်တော်မူကြပါသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီးဒေါ်ကြူကြူလှနှင့် မိသားစုဝင်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်သည် မဟာမြတ်မုနိဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုပြီးနောက် အခမ်းအနားအစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဇနီး၊ မိသားစုဝင်များနှင့် အဖွဲ့ဝင်များက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်နှင့် လှူဖွယ်ပစ္စည်းများအား ကျိုင်းယင်းကျောင်းတိုက်ဆရာတော်ကြီးနှင့် နဂါးနှစ်ကောင် ကျောင်းတိုက်ဆရာတော်ကြီးအမှူးပြုသည့် သံဃာတော်အရှင်သူမြတ်များထံ အသီးသီး ဆက်ကပ်လှူဒါန်းကြပြီးနောက် လဲချားမြို့၊ ဟော်ခမ်းကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော်ထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဇနီး၊ မိသားစုဝင်များနှင့် အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများသည် ရတနာစိန်ဖူးတော်၊ ငှက်မြတ်




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဇနီးနှင့် မိသားစုဝင်များက ဆရာတော်ကြီးများထံမှ ကိုးပါးသီလ ခံယူနေမှု**

နားတော်တို့အား ပင့်ဆောင်၍ ဂန္ဓကုဋိကျောင်းဆောင်တော်အား လက်ယာရစ် လှည့်လည်ပင့်ဆောင်ပူဇော်ကြပြီးနောက် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား ဒေသခံတိုင်းရင်းသားပြည်သူများနှင့်အတူ စုပေါင်းမင်္ဂလာကြိုးဆွဲကာ မင်္ဂလာရထားပျံဖြင့် ဂန္ဓကုဋိကျောင်းဆောင်တော်အထွတ်သို့ပင့်ဆောင်၍ တင်လှူပူဇော်ခဲ့ကြပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျိုင်းတုံမြို့၊ မဟာမြတ်မုနိဘုရားကြီး နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ပြခန်းအတွင်း ခင်းကျင်းပြသထားသည့် မဟာမြတ်မုနိဘုရားကြီး သမိုင်းအကျဉ်း၊ ကျိုင်းတုံဒေသသို့ မြတ်ဗုဒ္ဓသာသနာရောက်ရှိလာပုံများ၊ ဂုံရှမ်းဘာသာနှင့် စာပေပေါ်ထွန်းခဲ့မှုများ၊ ခေတ်အဆက်ဆက်အုပ်ချုပ်ခဲ့ကြသည့် စော်ဘွားကြီးများ၊ ကျိုင်းတုံမြို့သမိုင်းအကျဉ်းတို့ကို လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြပါသည်။

**(မြဝတီသတင်းစာ ၁၆-၂-၂၀၂၂)**

- **ကျိုင်းတုံမြို့ကျက်သရေဆောင် မဟာမြတ်မုနိဘုရားကြီး နှစ်(၁၀၀) ပြည့်အထိမ်းအမှတ် ရတနာစိန်ဖူးတော်၊ ရွှေထီးတော်တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားသို့ ကျိုင်းတုံမြို့၊ ကျိုင်းယင်းကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော်အမှူးပြုသည့် ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များ ကြွရောက်ချီးမြှင့်တော်မူခဲ့။**
- **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်နှင့် လှူဖွယ်ပစ္စည်းများအား ကျိုင်းယင်းကျောင်းတိုက် ဆရာတော်ကြီးနှင့် နဂါးနှစ်ကောင်ကျောင်းတိုက်ဆရာတော်ကြီးအမှူးပြုသည့် သံဃာတော်အရှင်သူမြတ်များထံ အသီးသီး ဆက်ကပ်လှူဒါန်းခဲ့။**
- **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဇနီး၊ မိသားစုဝင်များနှင့် အဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများသည် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား ပင့်ဆောင်၍ ဂန္ဓကုဋိကျောင်းဆောင်တော်အား လက်ယာရစ် လှည့်လည်ပင့်ဆောင်ပူဇော်ကြပြီးနောက် မင်္ဂလာရထားပျံဖြင့် ဂန္ဓကုဋိကျောင်းဆောင်တော်အထွတ်သို့ ပင့်ဆောင်၍ တင်လှူပူဇော်ခဲ့။**
- **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျိုင်းတုံမြို့၊ မဟာမြတ်မုနိဘုရားကြီး နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ပြခန်းအတွင်း ခင်းကျင်းပြသထားသည့် မဟာမြတ်မုနိဘုရားကြီး သမိုင်းအကျဉ်း၊ ကျိုင်းတုံဒေသသို့ မြတ်ဗုဒ္ဓသာသနာရောက်ရှိလာပုံများ၊ ခေတ်အဆက်ဆက် အုပ်ချုပ်ခဲ့ကြသည့် စော်ဘွားကြီးများ၊ ကျိုင်းတုံမြို့သမိုင်းအကျဉ်းတို့ကို လှည့်လည်ကြည့်ရှုလေ့လာခဲ့။**

# ကျိုင်းတုံမြို့ ကျက်သရေဆောင် မဟာမြတ်မုနိဘုရားကြီး နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ရတနာစိန်ဖူးတော်၊ ရွှေထီးတော်တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်မဟာမင်္ဂလာ အခမ်းအနားကျင်းပခဲ့သည့် မှတ်တမ်းဓာတ်ပုံများ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဇနီးနှင့် မိသားစုဝင်များက ရတနာစိန်ဖူးတော်အား ပင့်ဆောင်ပူဇော်နေမှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ရတနာစိန်ဖူးတော်အား ပရိတ်နံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်နေမှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဇနီးနှင့် မိသားစုဝင်များက ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းနေမှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးက ရတနာစိန်ဖူးတော်အား ပရိတ်နံ့သာရည်များ ပက်ဖျန်းပူဇော်နေမှု





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးနှင့် မိသားစုဝင်များက ရတနာစိန်ဖူးတော်အား တင်လှူပူဇော်နေမှု

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကျိုင်းတုံမြို့ရှိ သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီး တည်ဆောက်နေမှု အခြေအနေများအား သွားရောက်ကြည့်ရှု



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ အဘယရာဇမုနိရုပ်ရှင်တော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုနေမှု**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် သီလဓမ္မကုန်းသာတောရကျောင်းတိုက် ဦးစီးပဓာနနာယက (ဝစီပိတ်) ဆရာတော် ဘဒ္ဒန္တကောဝိဒ အမှူးပြု၍ ဖေဖော်ဝါရီလ ၁၅ ရက် မွန်းလွဲပိုင်းတွင် ကျိုင်းတုံမြို့အရှေ့တောင်ဘက် ၁၅ မိုင်ခန့်အကွာ ပန်ကွဲကျေးရွာအနီးရှိ ဗုဒ္ဓဥယျာဉ်ပရိဝုဏ်တော်အတွင်း သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီး တည်ဆောက်နေမှုအခြေအနေများအား သွားရောက်ကြည့်ရှုခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပရိဝုဏ်တော်အတွင်းသို့ ရောက်ရှိကြပြီး အဘယရာဇမုနိ ရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း ကပ်လှူပူဇော်ကာ လက်ယာရစ်လှည့်လည်ပူဇော်ကြပြီး ငြိမ်းချမ်းသာယာဖွံ့ဖြိုးရေး ခေါင်းလောင်းတော်အား ထိုးခတ်ပူဇော်ခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဗုဒ္ဓဥယျာဉ်တော်နှင့် သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီး တည်ဆောက်ပူဇော်ပြီးစီးမှု အခြေအနေများအား ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များမှာကြားခဲ့ပြီး သောက်သုံးရေလိုအပ်လျက်ရှိသည့် ပတ်ဝန်းကျင်ကျေးရွာများ ရေလှောင်တမံတည်ဆောက်နေမှုအခြေအနေများအား ရှင်းလင်းတင်ပြမှုများအပေါ်-

- မြေအောက်ရေသုံးစွဲမှုကို တတ်နိုင်သမျှလျှော့ချ၍ သဘာဝမှ သိုလှောင်ရရှိနိုင်သည့်ရေကို ဆည်တည်ဆောက်၍ ထိန်းသိမ်းသုံးစွဲရန်လိုကြောင်း၊ ထိုသို့သုံးစွဲရာတွင်လည်း ရေသုံးစွဲမှုကို စနစ်တကျသုံးစွဲရန်လိုကြောင်း။
- မြစ်ချောင်းများအတွင်း မိုးရာသီ၌ ရေဝင်ရောက်မှုပိုမိုများပြားစေရေး သဲနုန်းများကို ယခုပွင့်လင်းကာလများတွင် စနစ်တကျဖယ်ရှားရှင်းလင်းထားရန် လိုကြောင်း၊ အဆိုပါ မြစ်၊ ချောင်းများအတွင်းရှိ ရေများကို စိုက်ပျိုးရေးတောင်သူများ ရာသီမရွေး သီးနှံများစိုက်ပျိုးနိုင်ရေးအတွက် နေရောင်ခြည်စွမ်းအင်သုံး အသေးစားရေတင်စိုက်ပျိုးခြင်းများကို ကျိုင်းတုံဒေသတွင် ကနဦးစမ်းသပ်ဆောင်ရွက်နိုင်ရေး တာဝန်ရှိသူများမှ အလေးထားဆောင်ရွက်ရန်လိုကြောင်း။
- ထိုသို့အသေးစားရေတင်စိုက်ပျိုးခြင်းဖြင့် အောင်မြင်မှုများရရှိပါက နိုင်ငံတစ်ဝန်းတွင်လည်း အဆိုပါစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ကြရန်လိုကြောင်း။
- စိုက်ပျိုးရေးဖြစ်ထွန်းအောင်မြင်မှသာ စိုက်ပျိုးရေးတောင်သူများ၏ လူမှုစီးပွားဘဝ ဖြစ်ထွန်းတိုးတက်လာမည်ဖြစ်သဖြင့် အောင်မြင်အောင် တာဝန်ရှိသူများမှ ဝိုင်းဝန်းကြိုးပမ်းဖော်ဆောင်ပေးကြရန်လိုကြောင်းဖြင့် ဆွေးနွေးမှာကြားပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဗုဒ္ဓဥယျာဉ်တော်အတွင်း လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၆-၂-၂၀၂၂)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကျိုင်းတုံမြို့ရှိ သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီး တည်ဆောက်နေမှု အခြေအနေများအား သွားရောက်ကြည့်ရှုခဲ့သည့် မှတ်တမ်းဓာတ်ပုံများ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက ရေလှောင်တမံတည်ဆောက်နေမှုများကို ကြည့်ရှုစစ်ဆေးနေမှု

- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် ကျိုင်းတုံမြို့၊ ပန်ကွဲကျေးရွာအနီးရှိ ဗုဒ္ဓဥယျာဉ် ပရိဝုဏ်တော်အတွင်း သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီး တည်ဆောက်နေမှု အခြေအနေများနှင့် သောက်သုံးရေလိုအပ်လျက်ရှိသည့် ပတ်ဝန်းကျင်ကျေးရွာများ ရေလှောင်တမံတည်ဆောက်နေမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးခဲ့။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကျိုင်းတုံမြို့ရှိ မဟာမြတ်မုနိဘုရားကြီးနှင့် လွိုင်မွေတောင် စခန်းမြို့ရှိ စတုရဋ္ဌသုမင်္ဂလစေတီတော်အား ဖူးမြော်ကြည်ညို၍ လွိုင်မွေဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများအား ကြည့်ရှုစစ်ဆေး





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းနှင့် တာဝန်ရှိသူများသည် ဖေဖော်ဝါရီလ ၁၄ ရက်တွင် -

- သီလဓမ္မကုန်းသာတောရကျောင်းတိုက် ဦးစီးပဓာန နာယက (ဝစီပိတ်) ဆရာတော်အမှူးပြု၍ ကျိုင်းတုံမြို့ကျက်သရေဆောင် မဟာမြတ်မုနိဘုရားကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး ဘုရားကြီးအတွက် စေတနာရှင်အလှူရှင်များမှ စုပေါင်းလှူဒါန်းသည့် ဘက်စုံအလှူငွေ ၇၇၁ သိန်းအား ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးစိုင်းဟောင်ခမ်းနွံနှင့် အဖွဲ့ဝင်များထံ ပေးအပ်လှူဒါန်းခဲ့။
- လွယ်မွေတောင်စခန်းမြို့ရှိ စတုရဋ္ဌသုမင်္ဂလစေတီတော်မြတ်အား ဖူးမြော်ကြည်ညို၍ ဂေါပကအဖွဲ့ဝင်များထံ ဘက်စုံအလှူငွေများကို ပေးအပ်လှူဒါန်းပြီး တောင်တန်းသာသနာပြုဆရာတော် ဘဒ္ဒန္တဝေပုလ္လအား ဖူးမြော်ကြည်ညိုကာ နဝကမ္မအလှူငွေများနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လွိုင်မွေဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားမှုအခြေအနေများကို ကြည့်ရှုရာတွင်-

- သက်တမ်း ၁၀၄ နှစ်ရှိပြီဖြစ်သည့်သမိုင်းဝင် နှစ် ၁၀၀ စံအိမ်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ပြုပြင်ထိန်းသိမ်းထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခြင်း။
- လွိုင်မွေကန် ကန်ဆယ်ခြင်းလုပ်ငန်း၊ ထိန်းသိမ်းခြင်းလုပ်ငန်းနှင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့် ကောင်းမှုတော်ဆည်အတွင်း ရေသိုလှောင်ထားရှိမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးခြင်း။
- လွိုင်မွေ အပန်းဖြေတောင်စခန်းမြို့နှင့် ပန်ကွဲကျေးရွာရှိ ဗုဒ္ဓဥယျာဉ်သို့ ဆက်သွယ်ပြေးဆွဲမည့် Sky Train တည်ဆောက်မည့်မြေနေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးခြင်း။
- နောင်တုံကန်အနီး၌ ကျိုင်းတုံဟော်နန်း ပုံစံတူတည်ဆောက်မည့် မြေနေရာအား သွားရောက်ကြည့်ရှုစစ်ဆေးခြင်းနှင့် နောင်တုံကန် ပြုပြင်၊ ထိန်းသိမ်းထားရှိမှု အခြေအနေများနှင့် ကန်ပတ်လမ်းအဆင့်မြှင့်တင်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၅-၂-၂၀၂၂)**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က မဟာမြတ်မုနိဘုရားကြီးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းနေမှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က တောင်တန်းသာသနာပြုဆရာတော်ကြီးထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်နေမှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က စတုရဋ္ဌသုမင်္ဂလစေတီတော်မြတ်ကြီးအတွက် နဝကမ္မအလှူငွေများပေးအပ်နေမှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က စတုရဋ္ဌသုမင်္ဂလစေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်နေမှု

- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် (ဝစီပိတ်) ဆရာတော်အမှူးပြု၍ ကျိုင်းတုံမြို့ကျက်သရေဆောင် မဟာမြတ်မုနိဘုရားကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး ဘုရားကြီးအတွက် စေတနာရှင်အလှူရှင်များမှ စုပေါင်းလှူဒါန်းသည့် ဘက်စုံအလှူငွေ ၇၇၁ သိန်းအား ပေးအပ်လှူဒါန်းခဲ့။
- နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် သက်တမ်း ၁၀၄ နှစ်ရှိပြီဖြစ်သည့်သမိုင်းဝင် နှစ် ၁၀၀ စံအိမ်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ပြုပြင်ထိန်းသိမ်းထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခြင်း၊ လွိုင်မွေကန် ကန်ဆယ်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးခြင်း၊ Sky Train တည်ဆောက်မည့်မြေနေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးခြင်း၊ ကျိုင်းတုံဟော်နန်း ပုံစံတူတည်ဆောက်မည့် မြေနေရာအား သွားရောက်ကြည့်ရှုစစ်ဆေးခြင်း၊ နောင်တုံကန် ပြုပြင်၊ ထိန်းသိမ်းထားရှိမှု အခြေအနေများနှင့် ကန်ပတ်လမ်း အဆင့်မြှင့်တင်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့။





နှစ် ၁၀၀ စံအိမ်ကြီးကို ပြုပြင်ထိန်းသိမ်းထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးနေမှု

## အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးနှင့်ပတ်သက်သည့် နိုင်ငံခြားရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်

၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၇)ရက်နေ့တွင် ကမ္ဘောဒီးယားနိုင်ငံ၊ ဖနောင်းပင်မြို့၌ ကျင်းပပြုလုပ်မည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးသို့ မြန်မာနိုင်ငံက ပါဝင်တက်ရောက်နိုင်မည်မဟုတ်သကဲ့သို့ နိုင်ငံရေးအရ ကိုယ်စားမပြုသည့်ပုဂ္ဂိုလ်ကိုလည်း စေလွှတ်တက်ရောက်စေနိုင်မည်မဟုတ်ကြောင်းနှင့် မြန်မာနိုင်ငံအနေဖြင့် အာဆီယံပဋိညာဉ်စာတမ်းပါ တန်းတူရည်တူရှိရမည့် "မူ" နှင့်အညီ လက်ရှိအာဆီယံအလှည့်ကျဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်နိုင်ငံများနှင့် အပြုသဘောဆက်လက်ထိတွေ့ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့ပါသည်။

### ထုတ်ပြန်ချက်

၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၇)ရက်နေ့တွင် ကမ္ဘောဒီးယားနိုင်ငံ၊ ဖနောင်ပင်မြို့၌ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးကို ကမ္ဘောဒီးယားနိုင်ငံက လက်ခံကျင်းပသွားမည်ဖြစ်ပါသည်။ ၂၀၂၂ ခုနှစ်တွင် အာဆီယံဥက္ကဋ္ဌအဖြစ် ပထမဆုံးအကြိမ် လက်ခံကျင်းပသည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ စုံညီစွာပါဝင်တက်ရောက်ရန် ၂၀၂၂ ခုနှစ် အာဆီယံဥက္ကဋ္ဌဖြစ်သည့် ကမ္ဘောဒီးယားနိုင်ငံက ကြိုးပမ်းဆောင်ရွက်မှုကို မြန်မာက အသိအမှတ်ပြုပါသည်။

အဆိုပါအစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများအားလုံး ပါဝင်တက်ရောက်နိုင်ရေး အာဆီယံဥက္ကဋ္ဌအနေဖြင့် နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသော်လည်း အချို့အာဆီယံအဖွဲ့ဝင်နိုင်ငံများက ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့က ကျင်းပခဲ့သည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ အရေးပေါ်အစည်းအဝေးတွင် ယခင်အာဆီယံအလှည့်ကျဥက္ကဋ္ဌက တစ်ဖက်သတ်ဆုံးဖြတ်ခဲ့သည့် မြန်မာနိုင်ငံက နိုင်ငံရေးအရ ကိုယ်စားမပြုသည့်ပုဂ္ဂိုလ်ကိုသာ ဖိတ်ကြားသွားရန် ဆုံးဖြတ်ချက်ကို ဆက်လက်ဆုပ်ကိုင်ထားသည်ကို တွေ့ရပါသည်။ အဆိုပါဆုံးဖြတ်ချက်သည် နိုင်ငံများ၏အချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ တန်းတူရည်တူရှိမှုစသည့် အာဆီယံပဋိညာဉ်စာတမ်း၊ အရှေ့တောင်အာရှ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်၊ ငြိမ်းချမ်းစွာအတူယှဉ်တွဲရေးမူကြီး (၅)ချက်၊ ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ အခြေခံမူများနှင့် မြန်မာနိုင်ငံခြားရေးမူဝါဒတို့နှင့် သွေဖည်နေသည့်အတွက် ပြီးခဲ့သည့်နှစ် အောက်တိုဘာလက ကျင်းပခဲ့သည့် (၃၈) ကြိမ် နှင့် (၃၉)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးများနှင့် ဆက်စပ်အစည်းအဝေးများတွင် မြန်မာနိုင်ငံက ပါဝင်တက်ရောက်နိုင်မှုမရှိခဲ့ခြင်းဖြစ်ပါသည်။

မြန်မာနှင့်အာဆီယံအကြား ပူးပေါင်းဆောင်ရွက်ရေးတိုးတက်မှုရရှိရန် အာဆီယံဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံတို့က မည်သို့ပင် ကြိုးပမ်းစေကာမူ မြန်မာနိုင်ငံက "မူ"အရ လက်မခံနိုင်သည့် ယခင်ဆုံးဖြတ်ခဲ့သည့် အခြေအနေသို့ ပြန်လည်ရောက်ရှိလာသည်ကို စိတ်မကောင်းစွာ တွေ့ရပါသည်။ သို့ဖြစ်ပါ၍ အာဆီယံတွင် နိုင်ငံတိုင်း တန်းတူရည်တူ ပါဝင်တက်ရောက်ခွင့်ရှိရေးဟူသည့် မူနှင့် ထုံးတမ်းစဉ်လာများကို သွေဖည်နေသည့်အတွက် မလွဲမရှောင်သာသောအခြေအနေကြောင့် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် ကျင်းပပြုလုပ်မည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးသို့ မြန်မာနိုင်ငံက ပါဝင်တက်ရောက်နိုင်မည်မဟုတ်သကဲ့သို့ နိုင်ငံရေးအရ ကိုယ်စားမပြုသည့် ပုဂ္ဂိုလ်ကိုလည်း စေလွှတ်တက်ရောက်စေနိုင်မည် မဟုတ်ကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် အာဆီယံပဋိညာဉ်စာတမ်းပါ တန်းတူရည်တူရှိရမည့် "မူ" နှင့်အညီ လက်ရှိအာဆီယံအလှည့်ကျဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်နိုင်ငံများနှင့် အပြုသဘော ဆက်လက်ထိတွေ့ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်**

**(မြဝတီသတင်းစာ ၁၅-၂-၂၀၂၂)**

- **အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများ စုံညီစွာပါဝင်တက်ရောက်ရန် ၂၀၂၂ ခုနှစ် အာဆီယံဥက္ကဋ္ဌဖြစ်သည့် ကမ္ဘောဒီးယားနိုင်ငံက ကြိုးပမ်းဆောင်ရွက်မှုကို မြန်မာက အသိအမှတ်ပြု။**
- **ယခင်အာဆီယံအလှည့်ကျဥက္ကဋ္ဌက တစ်ဖက်သတ်ဆုံးဖြတ်ခဲ့သည့် မြန်မာနိုင်ငံက နိုင်ငံရေးအရ ကိုယ်စားမပြုသည့်ပုဂ္ဂိုလ်ကိုသာ ဖိတ်ကြားသွားရန် ဆုံးဖြတ်ချက်ကို ဆက်လက်ဆုပ်ကိုင်ထားသည်ကို တွေ့ရ။**
- **အာဆီယံတွင် နိုင်ငံတိုင်း တန်းတူရည်တူ ပါဝင်တက်ရောက်ခွင့်ရှိရေးဟူသည့် မူနှင့် ထုံးတမ်းစဉ်လာများကို သွေဖည်နေသည့်အတွက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးသို့ မြန်မာနိုင်ငံက ပါဝင်တက်ရောက်နိုင်မည်မဟုတ်သကဲ့သို့ နိုင်ငံရေးအရ ကိုယ်စားမပြုသည့်ပုဂ္ဂိုလ်ကိုလည်း စေလွှတ်တက်ရောက်စေနိုင်မည်မဟုတ်။**
- **မြန်မာနိုင်ငံအနေဖြင့် အာဆီယံပဋိညာဉ်စာတမ်းပါ တန်းတူရည်တူရှိရမည့် "မူ" နှင့်အညီ လက်ရှိအာဆီယံအလှည့်ကျဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်နိုင်ငံများနှင့် အပြုသဘောဆက်လက်ထိတွေ့ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်။**

---

## ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ ဂုဏ်ပြုယာဉ်များ ခင်းကျင်းပြသထားမှု အောင်မြင်စွာကျင်းပပြီးစီး၊ ပြည်သူများစိတ်ပါဝင်စားစွာ တစ်ခဲနက်လာရောက်လေ့လာကြည့်ရှု

(၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ဂုဏ်ပြုအခမ်းအနားတွင် ပါဝင်ပြသခဲ့သည့် ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ ဂုဏ်ပြုယာဉ် (၄၆) စီးတို့အား ဖေဖော်ဝါရီလ ၁၃ ရက်မှ ဖေဖော်ဝါရီလ ၁၅ ရက်အထိ နံနက် ၈ နာရီမှ ည ၈ နာရီအတွင်း ပြည်သူများလေ့လာနိုင်ရန် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ရှေ့ တပေါင်းကွင်း၌ ခင်းကျင်းပြသခဲ့ပြီး တိုင်းရင်းသားရိုးရာ အစားအစာဆိုင်ခန်းပေါင်း (၂၀) မှ တိုင်းရင်းသားရိုးရာ အစားအစာများကိုလည်း ရောင်းချပေးခဲ့ရာ-

- ဂုဏ်ပြုယာဉ်များတွင် မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားများ၏ အထိမ်းအမှတ်များ၊ လူနေမှုစရိုက်များ၊ ဓလေ့ထုံးတမ်းအစဉ်အလာများနှင့် ဒေသထုတ်ကုန်များကို သရုပ်



**တိုင်းရင်းသားရိုးရာ အကဖြင့် ဖျော်ဖြေနေမှုအား ပြည်သူများမှ အားပေးကြည့်ရှုနေမှု**

ဖော်ပြသပေးထားရာ ကျောင်းသားလူငယ်များ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုများ၊ ဒေသခံပြည်သူများ စိတ်အားထက်သန်စွာ လှည့်လာကြည့်ရှုခဲ့။

- အထူးအစီအစဉ်တစ်ခုအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် တိုင်းရင်းသားရိုးရာအစားအစာများကိုလည်း ပြုလုပ်ရောင်းချပေးလျက်ရှိရာ ဝယ်ယူသူများဖြင့် စည်ကားလျက်ရှိ။
- ဖေဖော်ဝါရီလ ၁၃ ရက်တွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် အဖွဲ့ဝင်များက ရိုးရာယဉ်ကျေးမှု အကအလှများအား ပြည်သူများနှင့်အတူ အားပေးကြည့်ရှုခဲ့ပြီး ဖေဖော်ဝါရီလ ၁၅ ရက်တွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန (၂) ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင်သည် ယဉ်ကျေးမှုအဖွဲ့ဝင် (၁၀၈) ဦးအား လက်ဆောင်ပစ္စည်းများပေးအပ်ချီးမြှင့်ခဲ့။

ဂုဏ်ပြုယာဉ်များကို လာရောက်ကြည့်ရှုသည့် အများပြည်သူများအန္တရာယ် တစ်စုံတစ်ရာမဖြစ်ပေါ်စေရန် တပ်မတော်သားများနှင့်ပူးပေါင်းပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ကလည်း လုံခြုံရေးအပြည့်အဝပေးခဲ့သည့်အပြင် ကျန်းမာရေးချို့ယွင်းမှု တစ်စုံတစ်ရာ ဖြစ်ပေါ်ပါက ကျန်းမာရေးစောင့်ရှောက်မှုများ ပေးနိုင်ရန်အတွက် နေပြည်တော်ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဆေးအဖွဲ့မှ ဆေးခန်းများ ဖွင့်လှစ်ပေးခဲ့ရာ လာရောက်ကြည့်ရှုသူ လူငယ်များ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုများ၊ ဒေသခံပြည်သူများဖြင့် စည်းကားသိုက်မြိုက်အောင်မြင်စွာ ကျင်းပနိုင်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၆-၂-၂၀၂၂)**

- **(၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ဂုဏ်ပြုအခမ်းအနားတွင် ပါဝင်ပြသခဲ့သည့် ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ ဂုဏ်ပြုယာဉ် (၄၆) စီးနှင့် တိုင်းရင်းသားရိုးရာ အစားအစာဆိုင်ခန်းပေါင်း (၂၀) မှ တိုင်းရင်းသားရိုးရာ အစားအစာများကို ဖေဖော်ဝါရီလ ၁၃ ရက်မှ ဖေဖော်ဝါရီလ ၁၅ ရက်အထိ နံနက် ၈ နာရီမှ ည ၈ နာရီအတွင်း အောင်မြင်စွာခင်းကျင်းပြသနိုင်ခဲ့။**
- **ဂုဏ်ပြုယာဉ်များတွင် မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားများ၏ အထိမ်းအမှတ်များ၊ လူနေမှုစရိုက်များ၊ ဓလေ့ထုံးတမ်းအစဉ်အလာများနှင့် ဒေသထုတ်ကုန်များကို သရုပ်ဖော်ပြသပေးထားရာ ကျောင်းသားလူငယ်များ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုများ၊ ဒေသခံပြည်သူများ စိတ်အားထက်သန်စွာ လှည့်လာကြည့်ရှုခဲ့။**
- **အထူးအစီအစဉ်တစ်ခုအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် တိုင်းရင်းသား ရိုးရာအစားအစာများကိုလည်း ပြုလုပ်ရောင်းချပေးခဲ့ရာ ဝယ်ယူသူများဖြင့် စည်ကားသိုက်မြိုက်ခဲ့။**

ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ ဂုဏ်ပြုယာဉ်များ ခင်းကျင်းပြသထားမှု
ပြည်သူများစိတ်ပါဝင်စားစွာ တစ်ခဲနက်လာရောက်လေ့လာကြည့်ရှုနေသည့် မှတ်တမ်းဓာတ်ပုံများ













## ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ ဂုဏ်ပြုယာဉ်များ ခင်းကျင်းပြသထားမှု ပြည်သူများစိတ်ပါဝင်စားစွာ တစ်ခဲနက်လာရောက်လေ့လာကြည့်ရှုနေသည့် မှတ်တမ်းဓာတ်ပုံများ













**ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ ဂုဏ်ပြုယာဉ်များ ခင်းကျင်းပြသထားမှု ပြည်သူများစိတ်ပါဝင်စားစွာ တစ်ခဲနက်လာရောက်လေ့လာကြည့်ရှုနေသည့် မှတ်တမ်းဓာတ်ပုံများ**








# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အခြေခံမဲဆန္ဒရှင်စာရင်းများ မှန်ကန်ရေးအတွက် မြေပြင်လူဦးရေစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးခြင်း ရှေ့ပြေးလုပ်ငန်းစီမံချက် ဖွင့်ပွဲအခမ်းအနားကျင်းပ



အခြေခံမဲဆန္ဒရှင်စာရင်းများ မှန်ကန်ရေးအတွက် မြေပြင်လူဦးရေစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးခြင်း ရှေ့ပြေးလုပ်ငန်းစီမံချက် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီလ ၁၄ ရက်တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ဥတ္တရသီရိမြို့နယ်ရှိ ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ကျင်းပခဲ့ရာ အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက–

- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပပေးနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း။
- ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံသားတိုင်း ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိရာ နိုင်ငံသားများသည် ဥပဒေနှင့်အညီ မဲပေးရမည်ဖြစ်ကြောင်း။
- ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၅ ခုအနက် တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပြည်ထောင်စုနယ်မြေတို့၌ အခြေခံမဲဆန္ဒရှင်စာရင်းများ ပြုစုပြီးဖြစ်ကြောင်း။
- လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့်လည်း ပန်းခင်းစီမံချက်အရ မှတ်ပုံတင်မရှိသေးသူများကို မှတ်ပုံတင်ပြုလုပ်ပေးလျက်ရှိပြီး နိုင်ငံသားကတ်ရသင့်ရထိုက်သူများကို မှတ်ပုံတင်ရရှိအောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း။
- အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနအနေဖြင့်လည်း ရပ်ကွက်/ကျေးရွာအုပ်စုများအတွင်း မြေပြင်တွင် အမှန်တကယ်နေထိုင်သည့် လူဦးရေစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးခြင်းဖြင့် တိကျမှန်ကန်သော လူဦးရေစာရင်းများ ရရှိမည်ဖြစ်ကြောင်း။
- မဲစာရင်းများစစ်ဆေးခြင်းအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ ဦးစီးအရာရှိများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တာဝန်ခံအရာရှိများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူး၊ ရပ်ကွက်/ကျေးရွာ အုပ်စုစာရေးများ ပါဝင်သောအဖွဲ့တို့ဖြင့် စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း။
- ထိုသို့ဆောင်ရွက်ရာတွင် တိုင်း၊ ခရိုင်၊ မြို့နယ်များအလိုက် စာရင်းများကို ကွန်ပျူတာနည်းပညာကို အသုံးပြု၍ အပြန်အလှန် စစ်ဆေးခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်း၊ ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

**(မြန်မာ့အလင်းသတင်းစာ ၁၅-၂-၂၀၂၂)**



- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပပေးနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိ။
- ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၅ ခုအနက် တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပြည်ထောင်စုနယ်မြေတို့၌ အခြေခံမဲဆန္ဒရှင်စာရင်းများ ပြုစုပြီးဖြစ်။
- မဲစာရင်းများစစ်ဆေးခြင်းအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ ဦးစီးအရာရှိများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တာဝန်ခံအရာရှိများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူး၊ ရပ်ကွက်/ ကျေးရွာ အုပ်စုစာရေးများ ပါဝင်သောအဖွဲ့တို့ဖြင့် စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်။
- ထိုသို့ဆောင်ရွက်ရာတွင် တိုင်း၊ ခရိုင်၊ မြို့နယ်များအလိုက်စာရင်းများကို ကွန်ပျူတာနည်းပညာကို အသုံးပြု၍ အပြန်အလှန်စစ်ဆေးခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်သွားမည်ဖြစ်။

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဆက်လက်ဆောင်ရွက်လျက်ရှိ

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော Quarantine Center များအား ဆက်လက်ဖွင့်လှစ်ပေးခြင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးပေးခြင်းတို့အား တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီး၌ ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်-

- ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို တစ်နိုင်ငံလုံးအတိုင်း အတာအနေဖြင့် ဖေဖော်ဝါရီလ ၁၅ ရက်အထိ လူဦးရေ စုစုပေါင်း ၂၃ ဒသမ ၁ သန်းအား ထိုးနှံပေးပြီးဖြစ်၍ ကာ ကွယ်ဆေးနှစ်ကြိမ်အပြည့်ထိုးနှံပြီးစီးသူ ၂၀ ဒသမ ၃၁ သန်း နှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ ၂ ဒသမ ၇၉ သန်းရှိကာ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ရေ စုစုပေါင်း ၄၃ ဒသမ ၉၇ သန်းထိုးနှံပြီးဖြစ်။
- ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်မှ ဖေဖော်ဝါရီလ ၁၅ ရက် အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး Booster စုစုပေါင်း ထိုးနှံပြီးစီး သူ ၅၄၇,၉၄၅ ဦးရှိ။
- ရန်ကုန်တိုင်းဒေသကြီးအတွင်း နေအိမ်၌ သီးသန့်ခွဲခြား နေထိုင်သော ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့လူနာများ (Home Isolation)နှင့် ကိုဗစ်-၁၉ ရောဂါခေတ်ခွဲအတည်ပြုလူနာ များအနေဖြင့် ရောဂါနှင့်ပတ်သက်၍ တာဝန်ကျဆရာဝန်



**တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများထိုးနှံပေးနေမှု**



**ပြည်ပမှ ဝင်ရောက်လာသူများအား ကိုဗစ်-၁၉ ရောဂါ လမ်းညွှန်ချက်များနှင့်အညီ စနစ်တကျ လက်ခံနေမှု**

နှင့် တိုက်ရိုက်ဆက်သွယ်မေးမြန်းတိုင်ပင်နိုင်မည့် (Tele-consultation Program)အတွက် အထူးကုဆရာဝန်နှင့် ဆေးပညာရှင်များပါဝင်သည့် Teleconsultation Team များကို ခရိုင်အလိုက်ဖွဲ့စည်းထားရှိပြီး (၂၄) နာရီ ပိတ်ရက်မရှိ သက်ဆိုင်ရာခရိုင်အလိုက် ဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းတိုင်ပင်နိုင်ရန် ဆောင်ရွက်ထားရှိ။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်အရ ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ-

- ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့ရှိ နယ်စပ်ဂိတ်တို့မှတစ်ဆင့် ပြန်လည်လက်ခံခဲ့ရာ ၂၅-၇-၂၀၂၁ ရက်မှ ၁၅-၂-၂၀၂၂ ရက်အထိ ၆၆,၂၁၆ ဦး ပြန်လည်ဝင်ရောက်လာခဲ့။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါရှိ/မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီလ ၁၅ ရက်တွင် ဓာတ်ခွဲနမူနာ စုစုပေါင်း ၃၀,၇၇၀ ခုအားစစ်ဆေးခဲ့ပြီး၊ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂,၄၆၇ ဦးဖြင့် ရောဂါပိုးတွေ့ရှိမှု ၈.၀၂ ရာခိုင်နှုန်းရှိခဲ့ပါသည်။ ၁၅-၂-၂၀၂၂ ရက်အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း ၆,၇၄၄,၄၆၈ ခုအားစစ်ဆေးခဲ့ရာ အတည်ပြုလူနာစုစုပေါင်း ၅၅၀,၈၂၄ ဦးနှင့် သေဆုံးသူစုစုပေါင်း ၁၉,၃၁၄ ဦးရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၆-၂-၂၀၂၂)**

- **ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ဖေဖော်ဝါရီလ ၁၅ ရက်အထိ လူဦးရေ စုစုပေါင်း ၂၃ ဒသမ ၁ သန်းအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ်အပြည့်ထိုးနှံပြီးစီးသူ ၂၀ ဒသမ ၃၁ သန်း နှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ ၂ ဒသမ ၇၉ သန်းရှိကာ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ရေစုစုပေါင်း ၄၃ ဒသမ ၉၇ သန်းထိုးနှံပြီးဖြစ်။**
- **၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်မှ ဖေဖော်ဝါရီလ ၁၅ ရက်အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေး Booster စုစုပေါင်း ၅၄၇,၉၄၅ ဦးရှိ။**
- **၁၅-၂-၂၀၂၂ ရက်အထိ ဓာတ်ခွဲနမူနာစုစုပေါင်း ၆,၇၄၄,၄၆၈ ခုအား စစ်ဆေးခဲ့ရာ အတည်ပြုလူနာစုစုပေါင်း ၅၅၀,၈၂၄ ဦးနှင့် သေဆုံးသူစုစုပေါင်း ၁၉,၃၁၄ ဦး ဖြစ်ပြီး ၁၅-၂-၂၀၂၂ ရက်တွင် ရောဂါပိုးတွေ့ရှိမှု ၈.၀၂ ရာခိုင်နှုန်းရှိ။**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အကြမ်းဖက်လုပ်ရပ်များ အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဆက်လက်ဖော်ထုတ်အရေးယူ

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် လိုက်ပါမလုပ်ဆောင်ရန် တားမြစ်ထားသော်လည်း နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့ပြီး အကြမ်းဖက်လုပ်ရပ်များကို အားပေးလုပ်ဆောင်ခဲ့သဖြင့် တရားဥပဒေနှင့်အညီ ဖမ်းဆီးအရေးယူခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိရာ -

- ဖေဖော်ဝါရီလ ၁၄ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး၌ ၁ ဦး၊ မန္တလေးတိုင်းဒေသကြီး၌ ၁ ဦးနှင့် ဖေဖော်ဝါရီလ ၁၅ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၌ ၁ ဦး၊ ဧရာဝတီတိုင်းဒေသကြီး၌ ၁ ဦး စုစုပေါင်း ၄ ဦးတို့ကို ဖမ်းဆီးခဲ့။
- ဇန်နဝါရီလ ၂၇ ရက်မှ ဖေဖော်ဝါရီလ ၁၅ ရက်ထိ စုစုပေါင်း ၂၁၆ ဦးအား ဥပဒေနှင့်အညီ အရေးယူထားပါသည်။

ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်ကာ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၆-၂-၂၀၂၂)**

- **ဖေဖော်ဝါရီလ ၁၄ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး၌ ၁ ဦး၊ မန္တလေးတိုင်းဒေသကြီး၌ ၁ ဦးနှင့် ဖေဖော်ဝါရီလ ၁၅ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၌ ၁ ဦး၊ ဧရာဝတီတိုင်းဒေသကြီး၌ ၁ ဦး စုစုပေါင်း ၄ ဦးတို့ကို ဖမ်းဆီးခဲ့။**
- **ဇန်နဝါရီလ ၂၇ ရက်မှ ဖေဖော်ဝါရီလ ၁၅ ရက်ထိ စုစုပေါင်း ၂၁၆ ဦးအား ဥပဒေနှင့်အညီ အရေးယူထား။**

## PDF အကြမ်းဖက်သမားများက ပညာရေးကဏ္ဍအပေါ် အကြမ်းဖက်တိုက်ခိုက်ခြင်း

ကျောင်းသား/သူများ အေးချမ်းစွာ ပညာသင်ကြားနေမှုကို မလိုလားသည့် PDF အကြမ်းဖက်သမားများက မကွေးတိုင်းဒေသကြီး၊ ဆောမြို့နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမြို့နယ်တို့ရှိ စာသင်ကျောင်းများအား လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ ဝန်ထမ်းများနေထိုင်သည့် နေအိမ်/လိုင်းခန်းများအား မီးရှို့ဖျက်ဆီးမှုများပြုလုပ်လျက်ရှိရာ-

- ဖေဖော်ဝါရီလ ၁၂ ရက်၊ ညအချိန်တွင် ဆောမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းခွဲဝင်းအတွင်းရှိ ဆရာ၊ ဆရာမများနေထိုင်ရန် ဆောက်လုပ်ထားသည့် နေအိမ်လိုင်းခန်း ၁ လုံးအား PDF အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့သဖြင့် နေအိမ်လိုင်းခန်း၏သက်ကယ်မိုး၊ ပျဉ်ခင်း၊

ဝါးကာနေအိမ် လိုင်းခန်း ၁ လုံး တန်ဖိုးငွေ (၃၀၀,၀၀၀) ကျပ်ခန့်မီးလောင်ဆုံးရှုံးခဲ့။

- ဖေဖော်ဝါရီလ ၁၄ ရက်တွင် PDF အကြမ်းဖက်သမားများက ပုလဲမြို့နယ်၊ ဇီးဖြူကုန်းကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်းနှင့် အင်မထီးကျေးရွာရှိ အခြေခံပညာမူလတန်းလွန်ကျောင်းအား လက်လုပ်စိန်ပြောင်း၊ တူမီးသေနတ်၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့။

အလုံးစုံပျက်သုဉ်းရေးလမ်းစဉ်အရ CRPH၊ NUG အကြမ်းဖက်အဖွဲ့များ၏ စေခိုင်းချက်ဖြင့် PDF အကြမ်းဖက်သမားများက ကျောင်းသား/သူများ အေးချမ်းစွာ ပညာသင်ကြားနိုင်ခြင်းမရှိစေရန် စာသင်ကျောင်းများအား လက်လုပ်မိုင်းများဖြင့် တိုက်ခိုက်ခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများကို ဆက်တိုက်ကျူးလွန်နေခြင်းသည် နိုင်ငံတကာစံနှုန်းများအရ အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်နေခြင်းဖြစ်ပြီး မိဘများအနေဖြင့် မိမိတို့ရင်သွေးငယ်များ၏ ပညာသင်ကြားနေမှုကို နှောင့်ယှက်ဖျက်ဆီးခံရခြင်းကြောင့် PDF အကြမ်းဖက်သမားများအား ရွံရှာမုန်းတီးလျက်ရှိပါသည်။

ထိုကဲ့သို့ ပညာရေးဝန်ထမ်းများနေထိုင်သည့် နေအိမ်/လိုင်းခန်းများအား မီးရှို့ဖျက်ဆီးခြင်း၊ စာသင်ကျောင်းများနှင့် ကျေးရွာလုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များအား ပစ်ခတ်တိုက်ခိုက်ခြင်းပြုလုပ်ခဲ့သည့် အကြမ်းဖက်သမားများအား လုံခြုံရေးလုပ်ငန်းများနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၆-၂-၂၀၂၂)**

- **ဆောမြို့နယ်ရှိ အခြေခံပညာအထက်တန်း ကျောင်းခွဲဝင်းအတွင်းရှိ ဆရာ၊ ဆရာမများနေထိုင်ရန် ဆောက်လုပ်ထားသည့် နေအိမ်လိုင်းခန်း ၁ လုံးအား PDF အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့။**
- **PDF အကြမ်းဖက်သမားများက ပုလဲမြို့နယ်၊ ဇီးဖြူကုန်းကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်းနှင့် အင်မထီးကျေးရွာရှိ အခြေခံပညာမူလတန်းလွန်ကျောင်းအား လက်လုပ်စိန်ပြောင်း၊ တူမီးသေနတ်၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့။**
- **PDF အကြမ်းဖက်သမားများအနေဖြင့် စာသင်ကျောင်းများအား လက်လုပ်မိုင်းများဖြင့် တိုက်ခိုက်ခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများကို ဆက်တိုက်ကျူးလွန်နေခြင်းသည် နိုင်ငံတကာစံနှုန်းများအရ အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်နေခြင်းဖြစ်ပြီး မိဘများက ၎င်းတို့ရင်သွေးငယ်များ၏ ပညာသင်ကြားနေမှုကို နှောင့်ယှက်ဖျက်ဆီးခံရခြင်းဖြစ်သောကြောင့် ၎င်းတို့အား ရွံရှာမုန်းတီးလျက်ရှိ။**